ဖိုကိုလာရေလှုပ်ရှားမှု

**အသက်ပေးသည့်**
**နှုတ်တော်ထွက်စကား**

ဩဂုတ်လ၂၀၁၇

**"ဘုရားသခင်သည် လူအားလုံးအပေါ်ကောင်းမြတ်၍ မိမိဖန်ဆင်းထားသောအရာသတ္တဝါတို့အပေါ် သနားကြင်နာတော်မူ၏" (ဆာလံ၁၄၅း၉)**

အထက်ပါဆာလံသီချင်းမှာ ရာဇဝင်သမိုင်းတစ်လျှောက်လုံး အုပ်စိုးပိုင်သတော်မူသော ဘုရားသခင်၏ ဘုန်းတော်ဘွဲ့ကို ကျူးဗထားခြင်းဖြစ်ပါသည်။ ကိုယ်တော်ရှင်သည်အနန္တဘုန်းတန်ခိုးတော်နှင့် ပြည့်စုံတော်မူသော အုပ်စိုးအရှင်ဖြစ်သော်လည်း မိမိကိုယ်ကိုတရားမျှတပြီး ကောင်းမြတ်တော်မူသောသူအဖြစ်ဖော်ပြတော်မူပါသည်။ ကိုယ်တော်ရှင်သည် ဩဇာအင်အားကြီးသောအုပ်ချုပ်သူတစ်ပါးထက် အကျွမ်းတဝင်ရှိသောဖခင်တစ်ဦးနှင့် ပို၍တူပါသည်။

ဤဆာလံသီချင်းတွင်ကိုယ်တော်ရှင်၏ မိခင်တစ်ဦးပမာ သနားကြင်နာခြင်းနှင့်ပြည့်ဝမှုကို ဖော်ပြခြင်းဖြင့် ဘုရားသခင်အားအသားပေးထားပါသည်။ ကိုယ်တော်ရှင်သည် သနားကရုဏာနှင့်ပြည့်ဝ၏၊ ဘုန်းတန်ခိုးတော်နှင့်ပြည့်စုံ၏၊ အမျက်ဒေါသမထွက်တတ်၊ ချစ်ခြင်းမေတ္တာဖြင့်ပြည့်လျှံလျက်ရှိ၏၊ အားလုံးအပေါ် ကောင်းမြတ်တော်မူ၏ ....။

ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းကို အစ္စရေးရှိလူတို့အားဖော်ပြခဲ့သော်လည်း ကိုယ်တော်ဖန်ဆင်းတော်မူသောသူအားလုံးနှင့်တကွသူဖန်ဆင်းတော်မူသော လူသတ္တဝါအရာအားလုံးအပေါ်သို့လည်း ဖော်ပြခဲ့ပါသည်။

ဆာလံအဆုံး၌ စာရေးသူက အသက်ရှိသတ္တဝါအားလုံးအား ဤသီချင်းကို ၄င်းတို့၏ကိုယ်ပိုင်အဖြစ်ခံယူဖို့ဖိတ်ခေါ်ထားပါသည်။ သို့ဖြစ်၍ နာပျော်ဖွယ်သောသံပြိုင်သီဆိုမှုအဖြစ် သူ၏ချီးမွမ်းသံနှင့်အတူ များစွာသောအသံတို့ထပ်တိုးပါဝင်လာစေပါသည်။

**"ဘုရားသခင်သည် လူအားလုံးအပေါ်ကောင်းမြတ်၍ မိမိဖန်ဆင်းထားသောအရာသတ္တဝါတို့အပေါ် သနားကြင်နာတော်မူ၏"**

ဘုရားသခင်ကိုယ်တော်တိုင်က သူ၏ကောင်းမြတ်ခြင်းအစုစုတို့အား ချရေးထားသည့်စာအုပ်ကိုဖွင့်ထားသကဲ့သို့ ဖန်ဆင်းခြင်းအရာအားလုံးကို လူယောက်ျားနှင့်လူမိန်းမတို့လက်သို့ ယုံကြည်စွာအပ်နှံခဲ့ပါသည်။ သူတို့သည်ဖန်ဆင်းရှင်နှင့်အတူပူးပေါင်းဆောင်ရွက်ရန်ခေါ်ဖိတ်ခြင်းခံရပြီး တရားမျှတခြင်းနှင့်ငြိမ်းချမ်းခြင်းအကြောင်းပြောဆိုမှု၊ ကိုယ်တော်ရှင်၏ချစ်ခြင်းမေတ္တာအစီအမံအတိုင်းလိုက်လျှောက်ခြင်း စာမျက်နှာများကိုထပ်တိုးရေးမှတ်စေပါသည်။

စိတ်မကောင်းစရာမှာ ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ အမှန်တကယ်မြင်တွေ့နေကြရသည်များမှာ ခုခံကာကွယ်နိုင်စွမ်းမရှိသူလူသားများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ဒဏ်ရာဒဏ်ချက်များစွာတို့ဖြင့် ထိခိုက်ခံစားခဲ့ကြရမှုများပင်ဖြစ်သည်။ ဤသို့ဖြစ်ပျက်နေခြင်းမှာ လူအတော်များများက ထိန်းသိမ်းစောင့်ရှောက်ဖို့မမြင်ကြသလို အချို့ကလည်း တစ်ကိုယ်ကောင်းဆန်ခြင်းနှင့်လောဘကြီးခြင်း၊ မိမိကိုယ်ကျိုးအတွက်ပဲကြည့်ပြီး သဘာဝအရင်းအမြစ်များနှင့် အများနှင့်သက်ဆိုင်သောကုန်ပစ္စည်းတို့အပေါ်အလွဲသုံးစားပြုခြင်းတို့ကြောင့်ဖြစ်သည်။

လတ်တလောနှစ်များအတွင်းက ခရစ်ယာန်အသိုင်းအဝိုင်းများသည် ဖန်ဆင်းခြင်းအပေါ် နားလည်မှုအသစ်နှင့် ထိခိုက်လွယ်မှုအကြောင်း ဆည်းပူးခဲ့ကြသည်။ ထိုအကြောင်းအရာထဲတွင်သဘာဝတရားကြီးအား လူသားအားလုံးအတွက် ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းနှင့်အမွေခံထိုက်ရာ ကြေးမုံပြင်သဖွယ်ရှုမြင်ကြဖို့ အသင်းတော်ခေါင်းဆောင်များက ၎င်းတို့၏ယုံကြည်သူဘာသာဝင်များအား မေတ္တာရပ်ခံထားချက်အတော်များများကို ထောက်ရှုရပါသည်။

အော်သိုဒေါ့စ်ဂိုဏ်းချုပ်အကြီးအကဲဘာသောလိုမြူးသည် ယမန်နှစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး ဆုတောင်းရာနေ့အတွက် ၎င်း၏အမှာစကား၌—“ကျွန်ုပ်တို့အနေဖြင့် ယနေ့ရင်ဆိုင်ကြုံတွေ့နေရသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများနှင့် ကျွန်ုပ်တို့လူသားများ၏ စိတ်ခံစားမှုအကြားဆက်နွယ်မှုကို ရှင်းရှင်းလင်းလင်းနားလည်နိုင်ဖို့သတိရှိရန်၊ သတင်းအချက်အလက်နှင့်ပညာပေးမှုတို့ကို မပြတ်ပြုလုပ်ရန်လိုအပ်သည်။ ထို့ကြောင့် ထွက်ပေါက်မရှိသော၍အခြေအနေမှ တစ်ခုတည်းသောလွတ်မြောက်ရာလမ်းစမှာ မူလအလှတရားဖြစ်သည့် ခြိုးခြံချွေတာခြင်းနှင့်စိတ်ကိုချုပ်တီးခြင်းတို့ဖြင့် သဘာဝပတ်ဝန်းကျင်ကိုသတိကြီးစွာဖြင့် ပိုမိုစီမံခန့်ခွဲရေးဆီသို့ ကျွန်ုပ်တို့အား လမ်းညွှန်ပေးနိုင်ပေလိမ့်မည်။ အမှန်အားဖြင့် ကျွန်ုပ်တို့၏ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များပြည့်ဝလိုဖို့ ဝိသမလောဘစိတ်က ဝိညာဉ်ရေးဆိုင်ရာဆင်းရဲမှုကို သေချာပေါက်ဖြစ်စေပါသည်။ ယင်းက သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးခြင်းဖြင့် အဆုံးသတ်စေပါသည်။” ဟု မိန့်ကြားခဲ့ပါသည်။

ပုပ်ရဟန်းမင်းကြီးဖရန်စစ်၏ *Laudato Si’* စာချွန်လွှာတွင်လည်း သဘာဝတရားကိုထိန်းသိမ်းစောင့်ရှောက်ခြင်းသည်အတူတကွယှဉ်တွဲနေထိုင်မှုနှင့်စုပေါင်းပိုင်ဆိုင်မှုတို့၏ဖြစ်နိုင်ခြေတို့ပါဝင်သောနေထိုင်မှုပုံစံ၏တစ်စိတ်တစ်ဒေသပင်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အားလုံး၏ဖခင်ဖြစ်တော်မူကြောင်း၊ ကျွန်ုပ်တို့အားလုံးသည်လည်း ညီအစ်ကိုမောင်နှမများဖြစ်ကြကြောင်းကို သခင်ယေဇူးက ကျွန်ုပ်တို့အား သတိပေးသတိပေးနှိုးဆော်တော်မူသည်။ လူအားလုံးကို ညီရင်းအစ်ကိုမောင်နှမသဘောထား၍ချစ်ခင်စွာဆက်ဆံနေထိုင်မှုသည် လွတ်လပ်ရက်ရောစွာ မည်သည့်အကျိုးကိုမျှ အမျှော်ဘဲ နှောင်ကြိုးမဲ့ပြုလုပ်ရသည့်တာဝန်ဖြစ်သည်။ . . . အလားတူပင် ကျွန်ုပ်တို့သည် ဘုရားသခင်ရက်ရောစွာ ပေးထားသော လေ၊ နေ၊ မိုးတိမ်တို့ကို မိမိတို့မထိန်းချုပ်နိုင်သော်လည်း ယင်းတို့ကို ချစ်မြတ်နိုးစွာ လက်ခံကြိုဆိုကြရပေမည်၊ . . . ကျွန်ုပ်တို့အနေဖြင့် တစ်ဦးကိုတစ်ဦးအပြန်အလှန်လိုအပ်လျက်ရှိကြပြီး၊ ကျွန်ုပ်တို့၌ အခြားသူများနှင့် ကမ္ဘာလောကအပေါ် အတူတကွ တာဝန်ယူကြခြင်းဖြင့် ရိုးသားကောင်းမွန်စွာနေထိုင်ရကျိုးနပ်ပေလိမ့်မည်။

ကျွန်ုပ်တို့၏အားလပ်ချိန်များကိုအခွင့်ကောင်းယူကြပါစို့၊ ဥပမာ ကျွန်ုပ်တို့သည်လုပ်ငန်းခွင်၌ မဟုတ်သည့်အခါ သို့မဟုတ် တစ်နေ့တာအတွင်း အခြားအခွင့်အရေးများရသည့်အခါ ကောင်းကင်သို့မျှော်ကြည့်လိုက်ပါ၊ သို့မဟုတ် ခန့်ညားထည်ဝါလှသောတောင်တန်းကြီးသော်လည်းကောင်း၊ ပင်လယ်သမုဒ္ဒရာကိုသော်လည်းကောင်း၊ သို့မဟုတ်လျှင်လည်း လမ်းဘေးတစ်လျှောက်ပေါက်ရောက်နေသော ပါးလွှာသည့်မြက်ပင်များကိုကြည့်လိုက်ပါ။ ယင်းက ‘အသက်ကိုချစ်မြတ်နိုးသော’ ဖန်ဆင်းရှင်၏ကြီးမြတ်တော်မူခြင်းကိုနားလည်လာဖို့ အထောက်အကူဖြစ်စေပါလိမ့်မည်။ အရာခပ်သိမ်းကိုထွေးပိုက်လျက် အတူရှိနေသော ဖန်ဆင်းရှင်၏ အတိုင်းအဆမရှိကောင်းမြတ်ခြင်း၌ ကျွန်ုပ်တို့၏မျှော်လင့်ချက်ကို ပြန်လည်ရှိဖွေတွေ့ရှိပါလိမ့်မည်။

မိမိအတွက်နှင့်မိသားစုအတွက် အလယ်အလတ်လမ်းကျသောနေထိုင်မှုပုံစံကို ရွေးချယ်ကြပါစို့။ တစ်ခုတည်းသောအရာမှာ သဘာဝပတ်ဝန်းကျင်၏လိုအပ်ချက်ကိုလေးစားခြင်းနှင့် အခြားသူများ၏လိုအပ်မှုများကို တန်ဖိုးထားခြင်းတို့ဖြင့် ကျွန်ုပ်တို့ကိုယ်နှိုက်ကလည်း ချစ်ခြင်းမေတ္တာဖြင့် ပြည့်ဝကြပေလိမ့်မည်။ ကမ္ဘာမြေပေါ်မှ သယံဇာတများအားလည်းကောင်း၊ ကျွန်ုပ်တို့လုပ်ဆောင်သမျှကို နိမ့်ကျအဆင်းရဲဆုံးသောသူများအားလည်းကောင်း မျှဝေကြပါစို့။ ကျွန်ုပ်တို့အနေဖြင့် ပြည့်ဝစုံလင်သောအသက်တာနှင့် ဝမ်းမြောက်ပျော်ရွှင်မှုကိုသက်သေခံနိုင်ခြင်းဖြင့် မိမိတို့ရှိသည့်နေရာတွင်သိမ်မွေ့ခြင်း၊ ကောင်းမြတ်ခြင်းနှင့်ပြန်လည်ကျေအေးသင့်မြတ်ခြင်းတို့ကို ဆောင်ကြဉ်းသူများဖြစ်လာကြပါလိမ့်မည်။

*Letizia Magri*